# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၂/၂၀၁၈
## ၁၃၈၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
## ( ၂၀၁၈ ခုနှစ် စက်တင်ဘာ လ ၁ ရက် )

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | နေရာ | ပညာအရည်အချင်း |
|---|---|---|
| (က) အငယ်တန်းစာရေး<br>လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | **၃၀၀ နေရာ** | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ |
| (ခ) စစ်ဆေးရေးမှူး-၄<br>လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | **၃ နေရာ** | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ |
| (ဂ) ယာဉ်မောင်း-၅<br>လစာနှုန်းကျပ်(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | **၂၅ နေရာ** | အခြေခံပညာအလယ်တန်းအောင်<br>ယာဉ်မောင်းလိုင်စင်(ဃ)ရရှိပြီးသူ |
| (ဃ) ရုံးအကူ/စာပို့<br>လစာနှုန်းကျပ် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | **၁၀၀ နေရာ** | တက္ကသိုလ်ဝင်တန်းအောင် |
| (င) လုပ်သား(လုံခြုံရေး) **(အမျိုးသား)**<br>လစာနှုန်းကျပ် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | **၇ နေရာ** | အခြေခံပညာအလယ်တန်းအောင် |
| (စ) သန့်ရှင်းရေးအကူ<br>လစာနှုန်းကျပ် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | **၁၀၇ နေရာ** | အခြေခံပညာအလယ်တန်းအောင် |
| (ဆ) အစောင့် **(အမျိုးသား)**<br>လစာနှုန်းကျပ် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | **၁၀၇ နေရာ** | အခြေခံပညာအလယ်တန်းအောင် |

၂။ အဆိုပါရာထူးများအား အောက်ပါဒေသအတွင်းရှိ ရုံး/ဌာနများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွားပါမည် -

| စဉ် | ရုံး/ဌာနအမည် | အငယ်တန်းစာရေး | စစ်ဆေးရေးမှူး-၄ | ယာဉ်မောင်း-၅ | ရုံးအကူ/စာပို့ | လုပ်သား(လုံခြုံရေး) | သန့်ရှင်းရေးအကူ | အစောင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်နှင့်ပြည်ထောင်စုနယ်မြေအတွင်းရှိ ရုံး/ဌာနခွဲများ | ၂၂ | - | ၈ | ၂၂ | ၂ | ၁၃ | ၁၃ |
| ၂ | ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး | ၆ | - | ၁ | ၆ | - | ၄ | ၄ |

| စဉ် | ရုံး/ဌာနအမည် | အငယ်တန်းစာရေး | စစ်ဆေးရေးမှူး-၄ | ယာဉ်မောင်း-၅ | ရုံးအကူ/စာပို့ | လုပ်သား (လုံခြုံရေး) | သန့်ရှင်းရေးအကူ | အစောင့် |
|---|---|---|---|---|---|---|---|---|
| ၃ | ကယားပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး | ၁ | - | ၁ | ၃ | - | ၃ | ၃ |
| ၄ | ကရင်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး | ၆ | - | - | ၉ | - | ၄ | ၄ |
| ၅ | ချင်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး | ၆ | - | ၁ | - | - | ၃ | ၃ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး | ၂၈ | - | ၁ | ၅ | - | ၅ | ၅ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး | - | - | ၁ | ၈ | - | ၅ | ၅ |
| ၈ | ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး | ၁၉ | - | ၁ | - | - | ၅ | ၅ |
| ၉ | မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး | ၅ | - | ၁ | - | - | ၄ | ၄ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး | ၂၄ | - | - | ၁၈ | - | ၁၁ | ၁၁ |
| ၁၁ | မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး | ၁၉ | - | - | - | - | ၃ | ၃ |
| ၁၂ | ရခိုင်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး | ၈ | - | ၁ | ၈ | - | ၄ | ၄ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများ | ၁၁၁ | ၃ | ၈ | ၂၁ | ၅ | ၃၀ | ၃၀ |
| ၁၄ | ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး | ၂၉ | - | ၁ | - | - | ၇ | ၇ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး | ၁၆ | - | - | - | - | ၆ | ၆ |
| **စုစုပေါင်း** | | ၃၀၀ | ၃ | ၂၅ | ၁၀၀ | ၇ | ၁၀၇ | ၁၀၇ |

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အပိုဒ်(၁)ရှိ (က)၊ (ခ)နှင့် (ဃ)ပါ ရာထူးနေရာများအတွက် **၃၀-၉-၂၀၁၈** ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အပိုဒ်(၁)ရှိ (ဂ)၊ (င)၊ (စ)နှင့် (ဆ)ပါ ရာထူးနေရာများအတွက် **၃၀-၉-၂၀၁၈** ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာတွင် -

(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( ခ ) မွေးသက္ကရာဇ်

( ဂ ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) လျှောက်ထားလိုသည့်ရာထူး (ရာထူးတစ်မျိုးတည်းသာ လျှောက်ထားရမည်)

( င ) ပညာအရည်အချင်း၊အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း/တက္ကသိုလ်

( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်

(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်

( ဇ ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

( ဈ ) အပိုဒ်(၂)တွင်ပါဝင်သည့်ရုံး/ဌာနများအနက် တာဝန်ထမ်းဆောင်လိုသည့် ရုံး/ဌာန တစ်ခုကိုသာ တိကျစွာဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) နှစ်ပတ်အတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ(၂)ပုံ

( ခ ) အခြေခံပညာအလယ်တန်းအောင်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ

( ဂ ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း

( စ ) သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(ဆ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း)

၆။ လျှောက်လွှာကို အပိုဒ်(၂)တွင် **ပါဝင်သည့်ရုံးများအနက် မိမိတာဝန်ထမ်းဆောင်လိုသောရုံးတစ်ရုံးတည်းသို့**သာ **၂၈-၉-၂၀၁၈** ရက်နေ့ နောက်ဆုံးထားပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်အတွင်းရှိ ရုံး/ဌာနခွဲများတွင် တာဝန်ထမ်းဆောင်လိုသူများသည် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးသို့ လျှောက်လွှာပေးပို့ လျှောက်ထားရမည်။

၇။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော၊ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၈။ အပိုဒ်(၁)ရှိ (က)၊ (ခ)နှင့် (ဃ)ပါ ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲအား **၁၄-၁၀-၂၀၁၈** ရက်နေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး **အထွေထွေဗဟုသုတ** ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ အပိုဒ်(၁)ရှိ (ဂ)၊ (င)၊ (စ)နှင့် (ဆ)ပါ ရာထူးနေရာများအတွက် **၁၅-၁၀-၂၀၁၈** ရက်နေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ လူတွေ့စစ်ဆေးခြင်းသာ ဖြေဆိုရမည်ဖြစ်ပါသည်။

၁၀။ ရွေးချယ်ခြင်းခံရသူများသည် မိမိရွေးချယ်လျှောက်ထားသည့် ဒေသအတွင်းရှိ ဌာနခွဲ/ရုံးများတွင် **အနည်းဆုံး(၅)နှစ်** တာဝန်ထမ်းဆောင်ရမည်။

၁၁။ ဖြေဆိုခွင့်ကတ်ပြားများအား **၁၂-၁၀-၂၀၁၈** ရက်နေ့နှင့် **၁၃-၁၀-၂၀၁၈** ရက်နေ့များတွင် မိမိလျှောက်လွှာတင်ထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)၊ တယ်လီဖုန်းအမှတ်၊ **၀၆၇- ၄၃၀၀၂၁** နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**